| ၁၃ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | | | | | | | | |
| ၁၄ | စက်မှု | ၄၄၄.၃၇၅ | | +၄၄၄.၃၇၅ | | | | | |
| ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၆၂၈.၆၅၈ | ၃၀.၀၀၀ | +၅၉၈.၆၅၈ | ၃၃၈.၃၂၃ | ၃၀.၀၀၀ | +၃၀၈.၃၂၃ | ၅၃.၈၂% | ၁၀၀.၀၀% |
| ၁၆ | ပညာရေး | ၃,၉၈၉.၅၀၀ | | +၃,၉၈၉.၅၀၀ | | | | | |
| ၁၇ | ကျန်းမာရေးနှင့်အားကစား | ၁၄,၃၀၁.၇၀၆ | | +၁၄,၃၀၁.၇၀၆ | ၁၀,၆၁၈.၈၃၇ | | +၁၀,၆၁၈.၈၃၇ | ၇၄.၂၅% | |
| ၁၈ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၃၁၃,၇၆၄.၂၆၇ | ၆၁,၆၃၆.၅၉၇ | +၂၅၂,၁၂၇.၆၇၀ | ၂၄၉,၅၅၅.၅၀၆ | ၃၀,၁၀၈.၃၄၃ | +၂၁၉,၄၄၇.၁၆၃ | ၇၉.၅၄% | ၄၈.၈၅% |
| ၁၉ | ဆောက်လုပ်ရေး | ၂၇,၂၆၂.၄၄၁ | ၂၅,၀၀၀.၀၀၀ | +၂,၂၆၂.၄၄၁ | ၁၇,၈၅၈.၄၃၀ | ၂၅,၀၀၀.၀၀၀ | -၇,၁၄၁.၅၇၀ | ၆၅.၅၁% | ၁၀၀.၀၀% |
| ၂၀ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | | | | | | | | |
| ၂၁ | ဟိုတယ်နှင့်ခရီးသွားလာရေး | | | | | | | | |
| ၂၂ | တိုင်းရင်းသားလူမျိုးများရေးရာ | | | | | | | | |
| | စုစုပေါင်း | ၆၂၇,၇၀၀.၀၁၉ | ၁၄၃,၇၆၁.၇၀၈ | +၄၈၃,၉၃၈.၃၁၁ | ၄၁၁,၇၇၇.၁၃၉ | ၁၂၂,၁၁၄.၆၆၄ | +၂၈၉,၆၆၂.၄၇၅ | ၆၅.၆၀% | ၈၄.၉၄% |

# ပြည်ထောင်စုဝန်ကြီးဌာန ၊ ဦးစီးဌာနများ၏
# ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် လျာထားချက်အပေါ်
# အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သာမန် ရငွေပိုင်းတွင် ပထမ(၆)လပတ် လျာထားချက် ကျပ် ၃,၁၆၆,၉၈၉.၆၉၃ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃,၄၆၃,၃၉၂.၇၄၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၉.၃၆ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ပထမ(၆)လပတ် လျာထားချက် ကျပ် ၄,၈၅၇,၁၈၂.၄၉၁သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄,၁၀၃,၈၈၁.၂၅၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၄.၄၉ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ပြည်ထဲရေးဝန်ကြီးဌာနတွင် လိုင်စင်စီအချို့မှ ပထမ(၆)လပတ်အတွင်း အကြေပေးသွင်းခြင်း၊ ဌာနပိုင်မြေနှင့်အဆောက်အဦ ငှားရမ်းခရငွေ၊ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်လွှာ စာအုပ်ရောင်းရငွေနှင့် ပျက်စီး၊ ပျောက်ဆုံးမှုများအတွက်ဒဏ်ငွေများ၊ တရားမဝင်ငွေများ ဖမ်းဆီးရမိငွေနှင့် ပိုပေးမိငွေမှပြန်ရငွေများ ရရှိခြင်းနှင့် မီးဘေးလုံခြုံရေး စစ်ဆေးခရငွေများပိုမိုရရှိခြင်း၊နယ်စပ်ရေးရာဝန်ကြီးဌာနတွင် လပြည့်ဝန်း ပလာဇာ အဆောက်အဦငှားရမ်းခရငွေ၊ တင်ဒါလျှောက်လွှာရောင်းချရငွေနှင့် လျာထားချက်မရှိသော နှစ်လွန်အသုံးစရိတ်မှ ပြန်သွင်းငွေများ ရရှိခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် စာရင်းစစ်ဆေးချက်အရ ပိုထုတ်မိငွေပြန်လည်ပေးသွင်းခြင်း ၊ တင်ဒါပုံစံနှင့်မြေပုံရောင်းရငွေများ၊ ဆိုင်ခန်းငှားရမ်းခများ၊ အခွန်အခရငွေများ၊ ပြည်ပအကူအညီရငွေများ၊ စက်သုံးဆီသိုလှောင်ခွင့် လိုင်စင်ကြေး၊ ဒဏ်ကြေးငွေများ ပိုမိုရရှိခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင်ရတနာ၊ ရဲတံခွန်၊ ရွှေနှင့် ဇောတိက စီမံကိန်းများမှ ရေနံနှင့်သဘာဝ ဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်ခိုင်ကြေး(Royalty)သာ ထည့်သွင်းလျာထားသော်လည်း Signature Bonus ရငွေများရရှိလာခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးခဲ့သည့် ငွေလုံးငွေရင်းအသုံးစရိတ်အား ဘဏ္ဍာနှစ်ကျော်လွန်ပြီးမှ ပြန်လည်ပေးသွင်းခြင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတွင် တိုင်းဒေသကြီး /ပြည်နယ်/ ခရိုင်/

မြို့နယ်များတွင် ကောက်ခံရရှိသော နယ်စပ်ဖြတ်သန်းခများ၊ နယ်စပ်ဖြတ်သန်းခွင့်စာအုပ်(BT/TBP)ရောင်းချရငွေများ၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးခြင်းနှင့် ပြည်ပသို့သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများထံမှ မှတ်ပုံတင်ကြေးနှင့် ဒဏ်ကြေးငွေများ၊ သံရုံးဗီဇာခများပိုမိုခြင်း၊ နေခွင့်ဗီဇာခနှင့် နေခွင့်ရက်ကျော် ဗီဇာခနှုန်းထားများတိုးမြှင့်ခြင်းနှင့် နိုင်ငံခြားမှတ်ပုံတင်ခများပိုမိုရရှိခြင်းတို့ကြောင့် ပိုမိုရခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် အိမ်ရာအခန်း၊ မြေ၊ အဆောက်အဦနှင့် သိုလှောင်ရုံ ငှားရမ်းခများရရှိခြင်း၊ ငှားရမ်းခနှုန်းထားများတိုးမြှင့်ရရှိခြင်း၊ Over Sea ပို့ကုန်၊ သွင်းကုန်လိုင်စင်နှင့်ပတ်သက်သည့် ဆောင်ရွက်ခ၊ မှတ်ပုံတင်ကြေးများရရှိခြင်းနှင့် မော်တော်ယာဉ် ပါမစ်လျှောက်ထားမှု ပိုမိုလာခြင်းကြောင့် ရငွေပိုမိုရရှိခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် တရားမဝင်လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များမှ မှတ်ပုံတင်ဆောင်ရွက်ခြင်း၊ ငှားရမ်းခရငွေနှင့် အခွန်အမှတ်တံဆိပ်များ၏ တန်ဖိုးပြန်လည်ပေးသွင်းခြင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ရုံးအသစ် ဆောက်လုပ်ခြင်းလုပ်ငန်းမှ တည်ဆောက်ရေးကော်မတီမှ စိစစ်လျှော့ချငွေများ ပြန်လည်ပေးသွင်းခြင်းကြောင့် ပိုမိုရခြင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် တင်ဒါပုံစံရောင်းရငွေ၊ HAGL ကုမ္ပဏီနှင့် ကျိုက်ထိုဟိုတယ်တို့မှ မြေအသုံးချခနှင့် လိုင်စင်ဒဏ်ကြေးများ ပိုမိုရရှိခြင်း တို့ကြောင့် ပိုမိုရခြင်း။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ပြည်ပရောက် မြန်မာနိုင်ငံသားများအတွက် ထောက်ခံချက်ပြုလုပ်ပေးရမှု နည်းပါးခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနတွင် မြေနှင့်အဆောက်အဦ ငှားရမ်းခများ လျော့နည်းခြင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတွင် မိုးရာသီကာလဖြစ်သည့်အတွက် ဇုန်နှင့်ပြတိုက်များသို့ နိုင်ငံခြားသားနှင့် ပြည်တွင်း ဧည့်သည်များ လာရောက်မှုနည်းပါးခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် ပညာသင်ထောက်ပံ့ကြေးနှင့် ဆရာအရည်အသွေး မြင့်မားရေးစီမံကိန်း(Mentor Teacher) အစီအစဉ်အရ ပညာပေးသင်တန်း များဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်မှအကူအညီရငွေမရရှိသေးခြင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေများ လျာထားသည့်အတိုင်း မရရှိခြင်း တို့ကြောင့်လျော့နည်းရခြင်း။

(၃) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** နယ်စပ်ရေးရာဝန်ကြီးဌာနတွင် ထပ်မံခန့်ထားမည့် ဝန်ထမ်းများ ခန့်အပ်ရန်ကျန်ရှိခြင်း၊ ခရီးစရိတ်များလျော့နည်းသုံးစွဲခြင်း၊ ရုံးအသုံးအဆောင်ပစ္စည်းများ လျော့နည်းဝယ်ယူခြင်းနှင့် ပညာပေးသင်တန်းများဖွင့်လှစ်မှု နည်းပါးခြင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတွင် လစာ၊စရိတ်ချီးမြှင့်ငွေစသည်များ၊ ခရီးသွားလာစရိတ်၊ ပစ္စည်းများဝယ်ယူခြင်းဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့် လုပ်အားခ၊ ပညာရေးနှင့်လူမှုရေးအသုံးစရိတ်များ လျော့နည်းသုံးစွဲခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် ဝန်ထမ်းသစ်များလျာထားချက်အတိုင်းခန့်ထား နိုင်မှုမရှိသေးခြင်း၊ ခရီးသွားလာမှုနည်းပါးခြင်း၊လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာသင်သင်တန်းများ မဆင်းသေးသည့်အတွက် လက်တွေ့တန်းပြဆင်းစရိတ် လုပ်အားခများ မပေးချေရသေးခြင်း၊ နေ့စားဝန်ထမ်းများ လျာထားသည့်အတိုင်း ခန့်ထားနိုင်မှုမရှိသေးခြင်း၊ ရုံးအသုံးအဆောင်ပစ္စည်းများ နှင့် အစည်းအဝေးကုန်ကျစရိတ်များ လျော့နည်းသုံးစွဲခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ လုပ်ငန်း မပြီးပြတ်သေးသဖြင့် အသုံးစရိတ်များမပေးချေရသေးခြင်း၊ အပြည်ပြည်ဆိုင်ရာအသင်းဝင်ကြေးများ တောင်းခံလာမှုမရှိသေးခြင်း၊ နိုင်ငံတော်သမ္မတ ပညာသင်ဆုရသူ (၇၅)ဦး အနက် (၂၂)ဦး အတွက်သာ နေထိုင်စားသောက်စရိတ်နှင့် သင်တန်းကြေးများ တောင်းခံလာသဖြင့် ပေးချေခြင်း၊ ပညာရေးသံမှူး (၂)ဦး အတွက် လစာနှင့်စရိတ်ကို ပထမ(၃)လပတ် အတွက်သာ ပေးချေနိုင်သေးခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် ခရီးသွားလာမှုနည်းပါးခြင်း၊ မော်တော်ယာဉ်ပြင်ဆင်ထိန်းသိမ်းစရိတ်များ အမှန်တကယ်လိုအပ်ချက်အရသာသုံးစွဲခြင်း၊ ပညာပေးသင်တန်းနှင့်ပညာသင်စရိတ်များလျော့နည်းခြင်း၊ ဧည့်ခံကျွေးမွေးစရိတ်များ စိစစ်သုံးစွဲခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် မြို့ပြနှင့်ဒေသအိမ်ရာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ကွင်းဆင်းဆောင်ရွက်ခြင်း၊ သင်တန်းတက်ရောက်ခြင်း၊ နိုင်ငံခြားတိုင်းပြည်များသို့ဆွေးနွေးပွဲနှင့် ပညာရပ်ဆိုင်ရာသင်တန်းများ တက်ရောက်မှုနည်းပါးခြင်း၊ အစည်းအဝေးများကျင်းပမှုလျော့နည်းခြင်း၊ ကျွေးမွေးစရိတ်များခြိုးခြံချွေတာသုံးစွဲခြင်း၊ ပဲခူးမြစ်ကူးတံတားနှင့် ချေးငွေဖြင့် ဆောင်ရွက်သောဒလတံတားတည်ဆောက်ရေးအတွက် အတိုးပေးဆပ်မှုမရှိသေးခြင်း၊ နိုင်ငံခြားအသင်းအဖွဲ့များသို့ ထောက်ပံ့ငွေနှင့် ကုလသမဂ္ဂလူသားများ အခြေချနေထိုင်မှု(UN Habitat)သို့ ထည့်ဝင်ကြေးပေးချေမှု မရှိသေးခြင်းတို့ကြောင့် လျော့နည်းခြင်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်

ကြီးဌာနတွင် ဝန်ထမ်းသစ်များ ခန့်ထားရန် လျာထားသော်လည်း ပြည့်မီအောင်ခန့်ထားနိုင်မှုမရှိသေးခြင်း၊ ခရီးသွားလာစရိတ်များအား စိစစ်ဆဲဖြစ်သဖြင့် ငွေမထုတ်ယူရသေးခြင်း၊ ရုံးသုံး၊ လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူမှုလျော့နည်းခြင်း၊ မော်တော်ယာဉ် ပြင်ဆင်စရိတ် သုံးစွဲမှု လျော့နည်းခြင်း၊ ပြည်နယ်/ တိုင်းဒေသကြီးများသို့ ထောက်ပံ့ကြေးအသုံးစရိတ်များ ခွဲဝေပြီးဖြစ်သော်လည်းသုံးစွဲမှုလျော့နည်းခြင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင် ဝန်ထမ်းများ အပြည့်အဝခန့်ထားနိုင်မှုမရှိသေးခြင်း၊ ခရီးစဉ်အနည်းငယ်သာ သွားရောက်နိုင်ခြင်း၊ အစည်းအဝေးများ အနည်းငယ်သာပြုလုပ်နိုင်ခြင်းနှင့် ကျန်အသုံးစရိတ်များကို စိစစ်၍ သုံးစွဲခဲ့ခြင်းတို့ကြောင့် လျာထားချက် ထက်လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံး ငွေရင်းရငွေပိုင်းတွင် ပထမ(၆)လပတ် လျာထားချက် ကျပ် ၅၈,၂၆၈.၆၀၂ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၉,၃၆၂.၃၃၅ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၃၃.၂၃ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ပထမ(၆) လပတ် လျာထားချက် ကျပ် ၁,၄၅၁,၅၈၈.၆၁၃ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၆၅၀,၁၂၃.၇၃၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၄၄.၇၉ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် သောက်ရေခပ်(၂)စီမံကိန်းအတွက် ဌာနမှစိုက်ထုတ်ပေးချေခဲ့သည့် Down Payment အပေါ် ပဥ္စမအရစ်၊ ဆဋ္ဌမအရစ်၊ သတ္တမအရစ်နှင့် အဋ္ဌမအရစ်အား ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်မှပြန်လည်ပေးသွင်းခဲ့ခြင်း၊ဘီလူးချောင်း(၃)စီမံကိန်းအတွက် Down Payment အပေါ် တတိယအရစ်အား အနာဂတ်စွမ်းအားကုမ္ပဏီ လီမိတက်မှ ပြန်လည်ပေးသွင်းခြင်းတို့ကြောင့် ပိုမိုရခြင်း။

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေများ လျော့နည်းရရှိခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေမှာ JICA မှ Grant Aid အဖြစ် စက်ပစ္စည်းများအတွက် ထောက်ပံ့ရမည့် ပမာဏအားတောင်းခံလာမှုမရှိသေးခြင်း၊သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေများမရရှိသေးခြင်း၊ စက်မှုဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေအား ပထမ(၆)လတွင် ရရှိမည်ဟု

ခန့်မှန်းထားသော်လည်း စက်ပစ္စည်းများအား တင်ဒါစိစစ် နေဆဲဖြစ်၍ အနည်းငယ်သာရရှိခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တွင် UNOPS(EIF)အထောက်အပံ့ရငွေဖြင့် ရုံးသုံးစက်ကိရိယာဝယ်ယူရန် ဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီဖြင့် တင်ဒါစိစစ်ခဲ့မှုကြောင့် လျော့နည်းခြင်း၊ သိုလှောင်ရုံအချို့မှာ ရောင်းချရန်လျာထားပြီး ငှားရမ်းလို သူပေါ်ပေါက်လာ၍ ငှားရမ်းခြင်းကြောင့် လျော့နည်းခြင်း၊ သိုလှောင်ရုံများ ရောင်းချရန် အဆင့်ဆင့်ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ ပညာရေးဝန်ကြီးဌာန တွင် ရန်ကုန်နည်းပညာတက္ကသိုလ်အတွက် ဂျပန်နိုင်ငံအစိုးရ၏ ထောက်ပံ့ ငွေဖြင့် ဆောင်ရွက်သော Myanmar Technical Development Centre ဆောက်လုပ်ခြင်းလုပ်ငန်းမှာ ခန့်မှန်းသည်ထက် လျော့နည်းပြီးစီးသဖြင့် MFTB မှ Claim Bill တောင်းခံလာခြင်း မရှိသေးပါသဖြင့် ရငွေစာရင်း မတင် နိုင်သေးခြင်း၊ နည်းပညာတက္ကသိုလ်များ၏ ပညာရေးအဆင့်မြှင့် တင်မှုစီမံကိန်းနှင့် သဘာဝဘေးဒုက္ခ၊ ဘေးအန္တရာယ်များကို အလိုက်သင့် တွန်းလှန်နိုင်စွမ်းရှိသော ပြည့်စုံကျယ်ပြန့်သည့် သုတေသနလုပ်ငန်းများ ပူး ပေါင်းဆောင်ရွက်မှုစီမံကိန်းအရ ထောက်ပံ့သောစက်ပစ္စည်းများမှာ ခန့်မှန်း သည်ထက် လျော့နည်းရောက်ရှိသဖြင့် MFTB မှ Claim Bill တောင်းခံ လာသည့်အတိုင်း စာရင်းညှိနှိုင်းပေးချေရခြင်းတို့ကြောင့် ပြည်ပအကူညီရ ငွေများလျာထားချက်ထက် လျော့နည်းခြင်း၊စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာနတွင် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အတွက်လျာထားသော်လည်း စီမံကိန်းတွင် အကောင်အထည်ဖော်ဆောင် ရွက်မည့်အဖွဲ့အစည်း၏ အစီအမံဖြင့် သုံးစွဲရသဖြင့် ရငွေလျော့နည်းခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင်ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများညှိနှိုင်းဆောင်ရွက်နေဆဲဖြစ်ခြင်း၊ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုး တိုးတက်မှု စီမံချက်အား အကောင်အထည်ဖော်ရန်အတွက် စက်၊ ယာဉ်၊ ယန္တရားများ ဝယ်ယူရေးဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့် ပြည်ပအကူအညီ ရငွေလျော့နည်းရရှိခြင်းနှင့် သာကေတတံတားတည်ဆောက်ခြင်း လုပ်ငန်း အတွက် Construction Fee နှင့် Consultant Fee ပေးချေမှုများ မရရှိ သေးခြင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီ ရငွေမှ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားသည့်ဈေးဆောက်လုပ်ခြင်းနှင့် ထုတ်ကုန်ဌာနတည်ဆောက်ရန် လျာထားသော်လည်း သံလွင်မြစ်အတွင်း ဈေးသင်္ဘောအဖြစ် ပြောင်းလဲဆောက်လုပ်မည်ဖြစ်ပါ၍ ဆောင်ရွက်နိုင်မှု မရှိသေးခြင်းတို့ကြောင့်ရငွေများ လျော့နည်းခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ရာသီချိန်အလိုက် စိုက်ခင်းတည်ထောင်ခြင်း အသုံးစရိတ်များ သုံးစွဲရခြင်းကြောင့် ပိုမိုရခြင်း။

(၄) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ပြည်ထဲရေးဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများကို တင်ဒါခေါ်ယူရေး ဆောင်ရွက်ဆဲဖြစ်သဖြင့် အကောင်အထည်ဖော်သုံးစွဲမှုအားနည်းပြီး ရုံးသုံးစက်ကိရိယာများ၊ ပရိဘောဂများ၊ အခြားအသုံးစရိတ်များအတွက် တင်ဒါခေါ်ယူရေးသာ ဆောင်ရွက်နေသဖြင့် သုံးစွဲထားခြင်းမရှိသေးခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနတွင် အဆောက်အဦ လုပ်ငန်းများဆောင်ရွက်ဆဲဖြစ်ခြင်းနှင့် စက်ပစ္စည်းများဝယ်ယူရေးအတွက် ဆောင်ရွက်ဆဲဖြစ်ခြင်း၊နယ်စပ်ရေးရာဝန်ကြီးဌာနတွင် တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ မိုးတွင်းကာလဖြစ်ခြင်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ပထမအရစ်အဖြစ် ကချင်ဒေသတွင်သာသုံးစွဲခြင်း၊ တည်ဆောက်ရေးလုပ်ငန်း၏ လုပ်ငန်းပြီးစီးမှုအပေါ် မူတည်ပြီး အရစ်ကျခွင့်ပြုငွေ ထုတ်ပေးသဖြင့် လျာထားချက်ထက် လျော့နည်းခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများတင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ စက်ကိရိယာပစ္စည်းများ လျော့နည်းဝယ်ယူခြင်းနှင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအား ငွေပေးချေနိုင်မှုမရှိခြင်း၊မော်တော်ယာဉ်များအကြီးစားပြင်ဆင်ရန် လျာထားသည့် အစီးရေအတိုင်း မပြင်ဆင်ရခြင်းကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် တည်ဆောက်ရေးနှင့်စက်ပစ္စည်းများဝယ်ယူရန်တို့အတွက် တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ ကမ္ဘာ့ဘဏ်ချေးငွေ၊ အိန္ဒိယချေးငွေ၊ IFAD ချေးငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ စတင်ဆောင်ရွက်မှု မရှိသေးခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ရောဝတီမြစ်ဝှမ်းဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းမှ Micro Project လုပ်ငန်းမှာ ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ PMU(၃)ထပ်ဆောင် ဆောက်လုပ်ရာတွင် ၅၀ရာခိုင်နှုန်းသာ ပေးချေရခြင်း၊ မြန်မာပြို့လ်တုစနစ်စီမံကိန်း တည်ဆောက်ခြင်းအတွက် ငွေပေးချေမှုကျန်ရှိခြင်း၊Information Access Centre အဆောက်အဦ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ကမ္ဘာ့ဘဏ်ချေးငွေဖြင့်ဆောင်ရွက်မည့် Telecommunication Sector Reform Project အတွက် စက်ပစ္စည်းများအား ရာနှုန်းပြည့် ဝယ်ယူနိုင်မှုမရှိခြင်း၊ အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများ၊ ရုံးသုံးစက်ကိရိယာ၊ပရိဘောဂနှင့် အခြားရုံးသုံးပစ္စည်းများ ဝယ်ယူရန်အတွက် တင်ဒါခေါ်ယူလျက်ရှိခြင်း၊

စက်မှုဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေနှင့် ကြွေးမြီရငွေများအား ပထမ(၆)လပတ်တွင် ရရှိမည်ဟုခန့်မှန်းထားသော်လည်း စက်ပစ္စည်းများ တင်ဒါစိစစ်နေဆဲဖြစ်ခြင်းကြောင့် အသုံးစရိတ်လျော့နည်းခြင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဝန်ကြီးရုံးအတွက် မျက်နှာကျက် ပါ RC သိုလှောင်ရုံအဆောက်အဦဆောက်လုပ်စရိတ်နှင့် ဌာနများတွင် အသုံးပြုရန် သံဖိုင်စင် (၆)ခုတို့အတွက် ဈေးနှုန်း စိစစ်လျှော့ချခဲ့ခြင်း၊ အဆောက်အဦပြင်ဆင်ရန်အတွက် တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ ပညာရေး ဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းအချို့နှင့် စက်ကိရိယာများမှာ တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာနတွင် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပစ္စည်းများဝယ်ယူရန်တို့အတွက် တင်ဒါ ခေါ်ယူရွေးချယ်စိစစ်နေဆဲဖြစ်ခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန တွင် ရုံးသုံးစက်ကိရိယာ၊ ပရိဘောဂများ၊ အခြားရုံးသုံးပစ္စည်းများ ဝယ် ယူရန်နှင့် MACCS System အတွက် အခြားအသုံးစရိတ်များ ဝယ်ယူရန် လျာထားသော်လည်း တင်ဒါခေါ်ယူနေဆဲဖြစ်ခြင်း၊ အခွန်ထမ်းကြီးများ ဆိုင်ရာအခွန်ရုံးနှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး တို့အတွက် ပြည်ပစာရင်းစစ် ပညာရှင်များငှားရမ်းရန် လျာထားသော် လည်း သုံးစွဲမှုမရှိခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် မိုးရာသီကာလ ဖြစ်သဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်မှုမရှိခြင်း၊ အချို့လုပ်ငန်းများ အတွက် တင်ဒါခေါ်ယူရန် စိစစ်ဆောင် ရွက်ဆဲဖြစ်ခြင်း၊ မြေယာ လျော် ကြေးများ ပေးချေရန်အတွက် မြေယာပိုင်ရှင်များနှင့် ညှိနှိုင်းဆဲဖြစ်ခြင်း၊ အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်များ မပေးချေရသေးခြင်း၊ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသို့ Deposit Work ဖြင့်လုပ်ငန်း အပ်နှံဆောင်ရွက်ဆဲဖြစ်ခြင်း၊ ပြည်ပအကူအညီဖြင့် ဆောင်ရွက်မည့် (Pro.poor Community Infrastructure and Basic Service ADB) လုပ်ငန်းမှာ Civil Work လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်သူ များနှင့် နောက်ဆုံးအတည်ပြုချက်ရယူခြင်းနှင့် အသေးစိတ်တိုင်းတာ ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာနတွင် လုပ်ငန်းများဆောင်ရွက်ပြီးသော်လည်း ကုမ္ပဏီမှ ငွေထုတ်ယူမှုမရှိသေးခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများ အတွက် အဆောက်အဦ ဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဦးစီးဌာနတို့မှ လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုပြီး ညှိနှိုင်း

ဆောင်ရွက်နေခြင်း၊ စက်ပစ္စည်းများတင်ဒါခေါ်ယူ ဆောင်ရွက်နေဆဲဖြစ်ခြင်းတို့ကြောင့်လျော့နည်းခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ကြွေးမြီရငွေပိုင်းတွင် ပထမ(၆)လပတ် လျာထားချက် ကျပ် ၆၂၇,၇၀၀.၀၁၉ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၁၁,၇၇၇.၁၃၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၆၅.၆၀ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် ပထမ(၆)လပတ် လျာထားချက် ကျပ် ၁၄၃,၇၆၁.၇၀၈ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၁၂၂,၁၁၄.၆၆၄ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၄.၉၄ ဖြစ်ပါသည်။ ကြွေးမြီရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ပြည်ထဲရေးဝန်ကြီးဌာနတွင် ပထမ(၆)လတွင် လျာထားခဲ့သော်လည်း ပစ္စည်းများရောက်ရှိရေး ဆောင်ရွက်လျက်ရှိခြင်းကြောင့်ကြွေးမြီရငွေမရရှိသေးခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် အိန္ဒိယချေးငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် Detail Engineering Report ရေးဆွဲပြီးဖြစ်သော်လည်း EXIM Bank of India နှင့် စိစစ်နေဆဲဖြစ်၍ လုပ်ငန်းဆောင်ရွက်ရန် ချေးငွေထုတ်ယူနိုင်မှုမရှိခြင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့်ဆောင်ရွက်မည့် ရောဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးမှုစီမံကိန်းမှ Micro Project လုပ်ငန်းများမှာ လုပ်ငန်းဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ PMU(၃) ထပ်ဆောင်ဆောက်လုပ်ရန်အတွက် ၅၀ ရာခိုင်နှုန်းသာ ပေးချေရခြင်း၊ Telecommunication Sector Reform Project အတွက် ပြည်ပအကြံပေးငှားရမ်းခြင်းအတွက် စာချုပ်ချုပ်ဆိုနေဆဲဖြစ်ခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ကြွေးမြီရငွေဖြင့်သုံးစွဲမည့် နိုင်ငံခြားမှစက်ပစ္စည်းများ လျာထားချက်အတိုင်း တင်သွင်းနိုင်မှုမရှိခြင်း၊ ဂျပန်နိုင်ငံ JICA,ODA ချေးငွေများသာရရှိခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် မြန်မာနိုင်ငံသားများဘဏ်တွင် ထည့်ဝင်ထားသော အစုရှယ်ယာ အမြတ်ဝေစု ရငွေ ၁၃ ရာ ခိုင်နှုန်း လျာထားသော်လည်း ၆ ရာခိုင်နှုန်း နှင့် ၈.၃ ရာခိုင်နှုန်းသာရရှိခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် ကြွေးမြီရငွေဖြင့်ဆောင်ရွက်မည့် အစီအစဉ်အသေးစိတ်များညှိနှိုင်းဆောင်ရွက်နေဆဲဖြစ်သဖြင့် ကြွေးမြီရငွေမရရှိသေးခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ချေးငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများ မိုးရာသီအတွင်း ဆောင်ရွက်မှုနည်းပါးခြင်း၊ အချို့လုပ်ငန်းများအတွက် Consultant များ ခေါ်ယူနေဆဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းခြင်း။

(၂) **ကြွေးမြီသုံးငွေပိုမိုသုံးစွဲမှု။** ကာကွယ်ရေးဝန်ကြီးဌာနတွင် စက်မှုဝန်ကြီးဌာနမှ စက်ရုံ (၄)ရုံ၊ အိန္ဒိယချေးငွေ၊ ဂျပန်ချေးငွေ၊ တရုတ်ချေးငွေ လွှဲပြောင်းမှုတို့အတွက် ပေးဆပ်ရန်အချိန်စေ့ရောက်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် ဆော်ဒီချေးငွေ၊ တရုတ်ချေးငွေ၊ Shinhan Bank ချေးငွေများပေးချေရာတွင် ငွေလဲလှယ်နှုန်းများ တိုးမြှင့်လာခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ချေးငွေအပေါ် အချိန်စေ့ရောက်သည့် အရင်းများကို ပေးချေခြင်း၊ Korea EDCF ၊ CDB ချေးငွေ၊ India ချေးငွေနှင့် Kfw ဂျာမဏီ ချေးငွေများကို ပြန်လည်ပေးဆပ်ရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း ကွာခြားမှုတို့ကြောင့် လျာထားချက်ပိုမိုခြင်း။

(၃) **ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ဂျာမဏီ (Kfw) မှ ပြည်ပအကူအညီရငွေအား သမဝါယမဘဏ်သို့ ထုတ်ချေးငွေအတွက် လျာထားသော်လည်း မသုံးစွဲရသေးခြင်း၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေသို့ ထည့်ဝင်ငွေနှင့် အာရှအခြေခံအဆောက်အဦရင်းနှီးမြှုပ်နှံမှုဘဏ်သို့ထည့်ဝင်ငွေများ ထည့်ဝင်နိုင်မှုမရှိခြင်း၊ JICA ချေးငွေအတွက် ရန်ပုံငွေထည့်ဝင်မှုမရှိခြင်းတို့ကြောင့် လျော့နည်းခြင်း။

၂။ ပြည်ထောင်စုဝန်ကြီးဌာန၊ဦးစီးဌာနများ၏ ပထမ(၆)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်၍ တွေ့ရှိသုံးသပ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ရငွေအပိုင်းတွင် သာမန်ရငွေရရှိမှု ၁၀၉.၃၆ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၃၃.၂၃ ရာခိုင်နှုန်း ၊ ကြွေးမြီရငွေရရှိမှု ၆၅.၆၀ ရာခိုင်နှုန်း ဖြစ်၍ စုစုပေါင်းရငွေရရှိမှု ၁၀၁.၀၈ ရာခိုင်နှုန်းဖြစ်သဖြင့် သာမန်ရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီကျော်လွန်အောင်အကောင် အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းရငွေပိုင်းနှင့် ကြွေးမြီရငွေပိုင်းတွင် လျာထားချက်ထက် လျော့နည်းရရှိကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၈၄.၄၉ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ရာ ၄၄.၇၉ ခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၈၄.၉၄ ရာခိုင်နှုန်း ဖြစ်၍ စုစုပေါင်းအသုံးစရိတ် ၇၅.၅၇ ရာခိုင်နှုန်း ဖြစ်သဖြင့် သာမန်အသုံးစရိတ်ပိုင်းနှင့်ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်နှင့် အနီးစပ်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် လျာထားချက် ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်းတွေ့ရှိရပါသည်။

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် ( ဧပြီလ မှ စက်တင်ဘာလအထိ )

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ပထမ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| ၁ | အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၃၈,၈၂၅.၀၀၀ | ၃,၈၅၈.၈၃၁ | +၃၄,၉၆၆.၁၆၉ | ၄၁,၄၆၈.၆၆၇ | ၈,၁၃၅.၇၃၅ | +၃၃,၃၃၂.၉၃၂ | ၁၀၆.၈၁% | ၂၁၀.၈၃% |
| | စုစုပေါင်း | ၃၈,၈၂၅.၀၀၀ | ၃,၈၅၈.၈၃၁ | +၃၄,၉၆၆.၁၆၉ | ၄၁,၄၆၈.၆၆၇ | ၈,၁၃၅.၇၃၅ | +၃၃,၃၃၂.၉၃၂ | ၁၀၆.၈၁% | ၂၁၀.၈၃% |

၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် ( ဧပြီလ မှ စက်တင်ဘာလအထိ )

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ပထမ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၃၈,၈၂၅.၀၀၀ | ၃,၆၀၂.၆၃၅ | +၃၅,၂၂၂.၃၆၅ | ၄၁,၄၆၈.၂၃၄ | ၇,၉၆၃.၅၀၆ | +၃၃,၅၀၄.၇၂၈ | ၁၀၆.၈၁% | ၂၂၁.၀၅% |
| | | စုစုပေါင်း | ၃၈,၈၂၅.၀၀၀ | ၃,၆၀၂.၆၃၅ | +၃၅,၂၂၂.၃၆၅ | ၄၁,၄၆၈.၂၃၄ | ၇,၉၆၃.၅၀၆ | +၃၃,၅၀၄.၇၂၈ | ၁၀၆.၈၁% | ၂၂၁.၀၅% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် ( ဧပြီလ မှ စက်တင်ဘာလအထိ )

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဥ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ပထမ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | | ၂၅၆.၁၉၆ | -၂၅၆.၁၉၆ | ၀.၄၃၃ | ၁၇၂.၂၂၉ | -၁၇၁.၇၉၆ | | ၆၇.၂၃% |
| | | စုစုပေါင်း | | ၂၅၆.၁၉၆ | -၂၅၆.၁၉၆ | ၀.၄၃၃ | ၁၇၂.၂၂၉ | -၁၇၁.၇၉၆ | | ၆၇.၂၃% |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်ပထမ (၆)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သောဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် ပထမ(၆)လပတ် လျာထားချက် ကျပ် ၃၈,၈၂၅.၀၀၀သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၁,၄၆၈.၂၃၄ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၆.၈၁ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ပထမ (၆)လပတ်လျာထားချက် ကျပ် ၃,၆၀၂.၆၃၅ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၇,၉၆၃.၅၀၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၂၂၁.၀၅ ဖြစ်ပါသည်။ သာမန်ရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** အကျုံးဝင်မှတ်ပုံတင်သည့် အလုပ်ဌာနတိုးတက်များပြားလာခြင်း၊ အာမခံအလုပ်သမားဦးရေ တိုးတက်လာခြင်း၊ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများမှ စာရင်းစစ်ဆေးချက်အရ ပြန်လည်ပေးသွင်းငွေများကြောင့် ပိုမိုရခြင်း။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** အဖွဲ့ဝန်ထမ်းများအားလုပ်ငန်းကျွမ်းကျင်မှုသင်တန်းများဖွင့်လှစ်ခြင်း၊ အာမခံစနစ်များ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သောအချက်အလက်များအား ကွင်းဆင်း၍စာရင်းကောက်ယူခြင်း၊ ဆေးရုံကြီးများနှင့် ဆေးခန်းများတွင်လိုအပ်သောဆေးဝါးများဝယ်ယူရခြင်း၊ အာမခံလုပ်သားများအတွက် အကျိုးခံစားခွင့်များထုတ်ပေးရန်လျာထားသည့် အသုံးစရိတ်များသည် မမျှော်မှန်းနိုင်သည့် အသုံးစရိတ်များဖြစ်ခြင်း၊ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုများအား အကျိုးခံစားခွင့်များ ထုတ်ပေးရခြင်းနှင့် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ထုတ်ပေးခြင်းတို့ကြောင့် ပိုမိုရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သောဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် လျာထားချက် မရှိသော်လည်း အကောင်အထည်ဖော်နိုင်မှု ကျပ် ၀.၄၃၃ သန်း ဖြစ်ပါသည်။

ငွေလုံးငွေရင်း အသုံးစရိတ်ပိုင်းတွင် ပထမ(၆)လပတ် လျာထားချက် ကျပ် ၂၅၆.၁၉၆ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၇၂.၂၂၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၆၇.၂၃ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှု အခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** ရေနံချောင်းရုံးဆောက်လုပ်ခြင်းလုပ်ငန်းမှ စာရင်းစစ်ဆေးချက်အရ ပြန်လည်ပေးသွင်းငွေများနှင့် ဘိုကလေးရုံးခွဲမှ ရုံးသုံးပန်ကာနှင့် ရုံးသုံးစက်ဘီးအဟောင်း ရောင်းရငွေများရရှိခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ဆေးရုံးကြီးများနှင့်ဆေးခန်းများတွင်အသုံးပြုရန်အတွက် ဆေးပစ္စည်းကိရိယာများ ဝယ်ယူရန်အတွက် တင်ဒါခေါ်ယူဆောင်ရွက်နေဆဲဖြစ်ခြင်း။

### ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် ( ဧပြီလ မှ စက်တင်ဘာလအထိ )

### နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

### (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ပထမ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၉,၈၆၀.၁၅၀ | ၇,၃၅၂.၆၂၃ | +၂,၅၀၇.၅၂၇ | ၉,၄၉၃.၃၂၄ | ၄,၃၉၆.၃၀၅ | +၅,၀၉၇.၀၁၉ | ၉၆.၂၈% | ၅၉.၇၉% |
| | ၂ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | ၃၆,၉၀၇.၉၈၁ | ၂၂,၉၃၀.၇၀၃ | +၁၃,၉၇၇.၂၇၈ | | | | | |
| | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂၂၁,၅၄၄.၇၆၉ | ၂၅၇,၆၈၆.၆၃၆ | -၃၆,၁၄၁.၈၆၇ | ၂၄၄,၄၀၈.၀၉၁ | ၂၂၁,၀၀၄.၆၀၂ | +၂၃,၄၀၃.၄၈၉ | ၁၁၀.၃၂% | ၈၅.၇၆% |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၁၁,၃၇၁.၃၁၅ | ၁၅၇,၄၆၉.၆၈၇ | -၄၆,၀၉၈.၃၇၂ | ၁၇၆,၂၀၉.၃၂၉ | ၁၆၁,၀၃၃.၆၇၄ | +၁၅,၁၇၅.၆၅၅ | ၁၅၈.၂၂% | ၁၀၂.၂၆% |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၇၇၉,၁၃၈.၆၄၇ | ၁,၅၂၇,၃၈၈.၃၇၂ | +၂၅၁,၇၅၀.၂၇၅ | ၁,၄၃၇,၀၄၂.၆၃၂ | ၁,၅၄၃,၈၆၉.၂၈၅ | -၁၀၆,၈၂၆.၆၅၃ | ၈၀.၇၇% | ၁၀၁.၀၈% |
| | ၆ | စက်မှု | ၃၈,၅၉၅.၄၂၈ | ၁၃၈,၉၀၈.၇၆၅ | -၁၀၀,၃၁၃.၃၃၇ | ၂၀,၂၀၀.၅၅၅ | ၁၂၀,၂၇၉.၀၀၈ | -၁၀၀,၀၇၈.၄၅၃ | ၅၂.၃၄% | ၈၆.၅၉% |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၉၅,၄၆၄.၂၂၆ | ၂၂၉,၅၇၇.၁၃၃ | -၃၄,၁၁၂.၉၀၇ | ၂၆၄,၃၄၃.၅၄၀ | ၂၅၆,၀၃၄.၇၆၃ | +၈,၃၀၈.၇၇၇ | ၁၃၅.၂၄% | ၁၁၁.၅၂% |
| | | စုစုပေါင်း | ၂,၃၉၂,၈၈၂.၅၁၆ | ၂,၃၄၁,၁၁၃.၉၁၉ | +၅၁,၆၈၈.၅၉၇ | ၂,၁၅၁,၆၉၇.၄၇၁ | ၂,၃၀၆,၆၀၇.၆၃၇ | -၁၅၄,၉၁၀.၁၆၆ | ၈၉.၉၂% | ၉၈.၅၂% |

# ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် ( ဧပြီလ မှ စက်တင်ဘာလအထိ )

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ပထမ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | မြန်ကြားရေး | ၉,၈၆၀.၁၅၀ | ၇,၂၆၅.၀၀၅ | +၂,၅၉၅.၁၄၅ | ၉,၄၉၃.၃၂၄ | ၄,၃၇၄.၀၃၉ | +၅,၁၁၉.၂၈၅ | ၉၆.၂၈% | ၆၀.၂၁% |
| | ၂ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၃၀,၀၉၇.၉၈၁ | ၁၆,၁၉၅.၈၀၂ | +၁၃,၉၀၂.၁၇၉ | | | | | |
| | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၄၂,၁၅၇.၆၂၉ | ၁၄၀,၀၁၆.၁၆၇ | +၂,၁၄၁.၄၆၂ | ၁၉၅,၂၃၅.၄၈၁ | ၁၂၇,၉၀၈.၄၅၀ | +၆၇,၃၂၇.၀၃၁ | ၁၃၇.၃၄% | ၉၁.၃၅% |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၁၁,၃၃၃.၈၆၉ | ၁၅၇,၃၈၂.၈၉၆ | -၄၆,၀၄၉.၀၂၇ | ၁၇၆,၁၆၈.၇၇၆ | ၁၆၀,၉၂၈.၄၄၀ | +၁၅,၂၄၀.၃၃၆ | ၁၅၈.၂၃% | ၁၀၂.၂၅% |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၇၃၃,၀၀၅.၅၂၅ | ၁,၃၈၄,၈၆၄.၀၁၁ | +၃၄၈,၁၄၁.၅၁၄ | ၁,၃၈၅,၉၀၆.၆၈၂ | ၁,၃၆၆,၃၄၁.၂၀၁ | +၁၉,၅၆၅.၄၈၁ | ၇၉.၉၇% | ၉၈.၆၆% |
| | ၆ | စက်မှု | ၃၈,၅၉၅.၄၂၈ | ၇၇,၆၄၀.၃၀၀ | -၃၉,၀၄၄.၈၇၂ | ၁၉,၂၆၉.၁၈၆ | ၅၉,၀၅၁.၅၀၆ | -၃၉,၇၈၂.၃၂၀ | ၄၉.၉၃% | ၇၆.၀၆% |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၇၈,၂၅၆.၃၁၁ | ၂၀၉,၈၂၉.၅၉၄ | -၃၁,၅၇၃.၂၈၃ | ၂၄၇.၉၄၈.၉၀၃ | ၂၃၃.၇၅၀.၀၁၄ | +၁၄,၁၉၈.၈၈၉ | ၁၃၉.၁၀% | ၁၁၁.၄၀% |
| | | စုစုပေါင်း | ၂,၂၄၃,၃၀၆.၈၉၃ | ၁,၉၉၃,၁၉၃.၇၇၅ | +၂၅၀,၁၁၃.၁၁၈ | ၂,၀၃၄,၀၂၂.၃၅၂ | ၁,၉၅၂,၃၅၃.၆၅၀ | +၈၁,၆၆၈.၇၀၂ | ၉၀.၆၇% | ၉၇.၉၅% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် ( ဧပြီလ မှ စက်တင်ဘာလအထိ )

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ပထမ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | **နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | ပြန်ကြားရေး | | ၈၇.၆၁၈ | -၈၇.၆၁၈ | | ၂၂.၂၆၆ | -၂၂.၂၆၆ | | ၂၅.၄၁% |
| | ၂ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | | ၉၄.၉၀၁ | -၉၄.၉၀၁ | | | | | |
| | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၈,၅၉၄.၃၆၄ | ၁၀၆,၃၈၉.၀၁၁ | -၉၇,၇၉၄.၆၄၇ | ၁,၆၄၉.၃၀၃ | ၈၀,၆၂၁.၈၄၂ | -၇၈,၉၇၂.၅၃၉ | ၁၉.၁၉% | ၇၅.၇၈% |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၃၇.၄၄၆ | ၈၆.၇၉၁ | -၄၉.၃၄၅ | ၄၀.၅၅၃ | ၁၀၅.၂၃၄ | -၆၄.၆၈၁ | ၁၀၈.၃၀% | ၁၂၁.၂၅% |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၉၁၀.၆၆၃ | ၅၂,၅၆၄.၂၄၅ | -၅၀,၆၅၃.၅၈၂ | ၉၃၇.၃၅၆ | ၆၆,၁၉၉.၈၆၇ | -၆၅,၂၆၂.၅၁၁ | ၄၉.၀၆% | ၁၂၅.၉၄% |
| | ၆ | စက်မှု | | ၃၀,၅၀၇.၈၇၅ | -၃၀,၅၀၇.၈၇၅ | ၉၃၀.၃၆၉ | ၂၇,၇၄၆.၅၅၁ | -၂၆,၈၁၅.၁၈၂ | | ၉၀.၉၅% |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၃၂၁.၉၁၈ | ၄,၃၉၆.၅၆၈ | -၄,၀၇၄.၆၅၀ | | ၆,၀၅၀.၈၆၉ | -၆,၀၅၀.၈၆၉ | | ၁၃၇.၆၃% |
| | | စုစုပေါင်း | ၁၀,၈၆၄.၃၉၁ | ၁၉၄,၁၂၇.၀၀၉ | -၁၈၃,၂၆၂.၆၁၈ | ၃,၅၅၈.၅၈၁ | ၁၈၀,၇၄၆.၆၂၉ | -၁၇၇,၁၈၈.၀၄၈ | ၃၂.၇၅% | ၉၃.၁၁% |

၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် ( ဧပြီလ မှ စက်တင်ဘာလအထိ )

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ပထမ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | **နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | မြန်ကြားရေး | | | | | | | | |
| | ၂ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | ၆,၈၁၀.၀၀၀ | ၆,၆၄၀.၀၀၀ | +၁၇၀.၀၀၀ | | | | | |
| | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၇၀,၇၉၂.၇၇၆ | ၁၁,၂၈၁.၄၅၈ | +၅၉,၅၁၁.၃၁၈ | ၄၇.၅၂၃.၃၀၇ | ၁၂.၄၇၄.၃၁၀ | +၃၅,၀၄၈.၉၉၇ | ၆၇.၁၃% | ၁၁၀.၅၇% |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | | | | | |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | ၄၄.၂၂၂.၄၅၉ | ၈၉.၉၆၀.၁၁၆ | -၄၅.၇၃၇.၆၅၇ | ၅၀,၁၉၈.၅၉၄ | ၁၁၁,၃၂၈.၂၁၇ | -၆၁,၁၂၉.၆၂၃ | ၁၁၃.၅၀% | ၁၂၃.၇၅% |
| | ၆ | စက်မှု | | ၃၀,၇၆၀.၅၉၀ | -၃၀,၇၆၀.၅၉၀ | | ၃၃,၄၈၀.၉၅၁ | -၃၃,၄၈၀.၉၅၁ | | ၁၀၈.၈၄% |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၆,၈၈၅.၉၉၇ | ၁၅,၃၅၀.၉၇၁ | +၁,၅၃၅.၀၂၆ | ၁၆,၃၉၄.၆၃၇ | ၁၆,၂၃၃.၈၈၀ | +၁၆၀.၇၅၇ | ၉၇.၀၉% | ၁၀၅.၇၅% |
| | | စုစုပေါင်း | ၁၃၈,၇၁၁.၂၃၂ | ၁၅၃,၉၉၃.၁၃၅ | -၁၅,၂၈၁.၉၀၃ | ၁၁၄,၁၁၆.၅၃၈ | ၁၇၃,၅၁၇.၃၅၈ | -၅၉,၄၀၀.၈၂၀ | ၈၂.၂၇% | ၁၁၂.၆၈% |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏
## ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် လျာထားချက်ရငွေ၊သုံးငွေအပေါ်
## အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် သာမန်ရငွေအပိုင်းတွင် ပထမ(၆)လပတ်လျာထားချက် ကျပ် ၂,၂၄၃.၃၀၇ ဘီလီယံ အနက် ကျပ် ၂,၀၃၄.၀၂၂ ဘီလီယံရရှိခဲ့ပြီး ၉၀.၆၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ သာမန်အသုံးစရိတ်တွင် ပထမ(၆)လပတ်လျာထားချက်ကျပ် ၁,၉၉၃.၁၉၄ ဘီလီယံအနက် ကျပ် ၁,၉၅၂.၃၅၄ ဘီလီယံ သုံးစွဲခဲ့၍ ၉၇.၉၅ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေ နှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်—

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် JO လုပ်ငန်းမှ Minimum Guarantee နှင့် အမြတ်ဝေစုပိုမိုရရှိခြင်းနှင့်မြန်မာ့စာတိုက်လုပ်ငန်းတွင်စာပို့ခနှုန်းထားများ တိုးမြှင့်လာခြင်း၊နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှုကြောင့် ပြည်ပစာပို့ခများပိုမိုရရှိခဲ့ခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊မြန်မာ့သစ်လုပ်ငန်း၏ ပြည်ပဝင်ငွေတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းနှင့် ပြည်တွင်းသို့ သစ်လုံးသစ်ခွဲသားများရောင်းချရာတွင် အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချခြင်းကြောင့် ဈေးနှုန်း ပိုမိုရရှိခြင်း၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းတွင် ဖက်စပ်လုပ်ငန်းများမှ အမြတ်ဝေစုများ ၊ အဆင့်နိမ့်သတ္တု ရောင်းချခြင်းနှင့် ဌါးရမ်းခရငွေများ ပိုမိုရရှိခြင်း နှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းတွင် ယခင်နှစ်ဟောင်ကောင် ပုလဲရောင်းပွဲမှ ရောင်းရငွေကြွေးကျန် အချို့ကိုရရှိခြင်းနှင့် လျာထားချက်တွင်မပါဝင်သော အမေရိကန်နိုင်ငံ၊ 1st las vegas ပုလဲရောင်းပွဲမှ ပုလဲရောင်းရငွေများ ရရှိခြင်းကြောင့် ပိုမိုရရှိခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ရင်းနှီးမြှုပ်နှံမှုအပေါ်မှအတိုး ရငွေ၊ကော်မရှင်နှင့်ဆောင်ရွက်မှုမှရငွေနှင့် အာမခံထားသူများပိုမိုလာခြင်းကြောင့် အာမခံရငွေများပိုမိုရရှိခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုခြင်း ဖြစ် ပါသည်။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းသည် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊

မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းတို့သို့ ဓာတ်အားရောင်းချရာတွင်ဓာတ်အားကောက်ခံမှုစနစ်အရ သြဂုတ်လ အထိသာ ဓာတ်အားခများရရှိခြင်း၊ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသည် လျာထားသည့် ယူနစ်အတိုင်းရောင်းချနိုင်မှုမရှိခြင်း၊မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၏ ကုန်းတွင်းရေနံရှာဖွေရေးမှ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့၊ စီအင်ဂျီ ရောင်းရငွေများ၊ ကမ်းလွန်ရေနံရှာဖွေရေးမှ ပြည်တွင်းပြည်ပသို့ လေဆီ၊ သဘာဝ ဓာတ်ငွေ့ရောင်းရငွေများအပြည့်အဝမရရှိသေးခြင်း၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်း ဝယ်ရေးလုပ်ငန်းသည် ၁-၅-၂၀၁၇ မှစ၍ ဓာတ်ဆီဝယ်ယူရောင်းချမှုမရှိခြင်းတို့ ကြောင့်လျော့နည်းခြင်း၊ စက်မှုဝန်ကြီးဌာနတွင် လတ်တလောရပ်ဆိုင်းထားသည့် စက်ရုံများမှ ကုန်ထုတ်လုပ်ရောင်းချနိုင်မှုမရှိခြင်း၊ လက်ကျန်ကုန်ချောများကိုသာ ရောင်းချရခြင်း၊ အမှာစာရရှိသည့်ထုတ်ကုန်များကိုသာ ထုတ်လုပ်ရောင်းချရခြင်း၊ လက်ငင်းရောင်းချရမှု လျော့နည်းခဲ့ခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်း ရခြင်းဖြစ်ပါသည်။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊မြန်မာ့သစ်လုပ်ငန်းတွင် ဌာနအင်အားဖြင့် ထုတ်လုပ်မည် ဖြစ်သဖြင့် ကွင်းဆင်းဆောင်ရွက်ရသည့်အတွက် ခရီးစရိတ်များ၊လေလံပွဲများအတွက် ညှိခံ စရိတ်များ၊သစ်ထုတ်ရာတွင် ဆင်နှင့်ယန္တရားများပြောင်းရွှေ့သည့်အတွက် လမ်းတံတား ဖြတ်ခများ၊ဖမ်းဆီးသစ်တင်ချခများနှင့် သစ်မာသစ်လုံးဌာနစုမှ သစ်မာ၊ သစ်လုံး တင်ချခကြွေးကျန်များ ပေးချေရခြင်းကြောင့် ပိုမိုသုံးစွဲခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာ ရေးဝန်ကြီးဌာနတွင် ပင်စင်လစဉ်ထုတ်၊(၃)လတစ်ကြိမ်၊ (၆)လတစ်ကြိမ်၊ ထုတ် ယူသည့် ပင်စင်စားဦးရေများပြားလာခြင်းကြောင့် ပင်စင် အသုံးစရိတ် ပိုမိုခြင်း၊ ကုန်ကြမ်းပစ္စည်းဝယ်ယူခြင်းတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုကြောင့် ပိုမိုခြင်း၊ ပြည်တွင်း၊ ပြည်ပလေ့လာရေးခရီးစဉ်များ အပါအဝင် ခရီးစရိတ် အသုံး စရိတ်ပိုမိုသုံးစွဲရခြင်း၊ အာမခံလျော်ကြေးတောင်းခံငွေများနှင့် အာမခံကော်မရှင် တောင်းခံငွေများ များပြားလာခြင်းကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲခြင်းတို့ ကြောင့် ပိုမိုခြင်းဖြစ်ပါသည်။

(၄) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတွင် သတင်းထောက်များ၊ အရာထမ်း၊ အမှုထမ်းများတာဝန် ထမ်းဆောင်ရာတွင် ခရီးသွားလာမှုနည်းပါးခြင်း၊ ပင်စင်စား အချို့ကွယ်လွန်ခြင်း နှင့်လာရောက်ထုတ်ယူသည့် ဦးရေလျော့နည်းခြင်းနှင့် စက်ရုံများလည်ပတ်ရာတွင် ကုန်ကျသောဓာတ်အားခများမှာ ငွေတောင်းခံလွှာများ နောက်ကျနေခြင်းကြောင့် လျာထားချက်ထက်လျော့နည်းခြင်း၊စက်မှုဝန်ကြီးဌာနတွင် လတ်တလောရပ်ဆိုင်း ထားသည့်စက်ရုံများကြောင့် ကုန်ကြမ်းဝယ်ယူခြင်း၊ ထုတ်လုပ်မှုနှင့် သက်ဆိုင်သော အသုံးစရိတ်များလျော့နည်းခြင်း၊ လက်ကျန်ကုန်ချောများကိုသာ ရောင်းချရသဖြင့် ကုန်သွယ်လုပ်ငန်းခွန်လျော့နည်းပေးဆောင်ရခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်တွင် မဖြစ်မနေလိုအပ်သော ပြုပြင်မှုများကိုသာ ပြုလုပ်ခဲ့ခြင်း၊ ခရီးစရိတ်နှင့် ဧည့်ခံ စရိတ်များကို စိစစ်ချွေတာသုံးစွဲခဲ့ခြင်းကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲ ခဲ့ခြင်းဖြစ်ပါသည်။

